# အင်းစိန်ထောင် တိုက်ခိုက်မှုဖြစ်စဥ်နှင့် စပ်လျဥ်း၍ သဘောထားထုတ်ပြန်ချက်

အောက်တိုဘာလ ၁၉ ရက်၊ ၂၀၂၂ ခုနှစ်

ယနေ့နံနက် ဖြစ်ပွားခဲ့သော အင်းစိန်ထောင် တိုက်ခိုက်မှုဖြစ်စဥ်အတွင်း ဗုံးပေါက်ကွဲမှု နှင့် ထောင်လုံခြုံရေးမျှော်စင်ပေါ်မှ ပစ်ခတ်မှုများကြောင့် ထောင်ဝင်စာပို့ဆောင်ရန်နှင့် ထောင်တွင်းရုံးထုတ်သို့ လာရောက်သူအရပ်သားများ ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ကြားသိရသည်။

အင်းစိန်ထောင်သည် မတရားအကျဥ်းချခံထားရသော နိုင်ငံရေးအကျဥ်းသားများအပါအဝင် အကျဥ်းသားများအတွက် ထောင်ဝင်စာပေးပို့ရန် လာရောက်သည့် မိသားစုဝင်များ၊ ဥပဒေအထောက်အကူပြုပုဂ္ဂိုလ်များ အပါအဝင် အရပ်သားများ အမြဲလှုပ်ရှားသွားလာနေသည့် နေရာဖြစ်သည်။ ထိုသို့ အများပြည်သူသွားလာနေသည့် နေရာများသည် စစ်ရေးပစ်မှတ်အဖြစ် မသတ်မှတ်သင့်သည့် နေရာများဖြစ်သည်ဟု ယူဆသည်။

မည်သည့်အခြေအနေ၊ အချိန်အခါတွင်ဖြစ်စေ အများပြည်သူဆိုင်ရာနေရာများ၌ တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းကို မိမိတို့အနေဖြင့် ပြင်းထန်စွာရှုတ်ချသည်။ ဤတိုက်ခိုက်မှုများကို မည်သည့်အစုအဖွဲ့က လုပ်ဆောင်သည်ဖြစ်စေ တာဝန်ခံရမည် ဖြစ်သည်။

စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ (GSC)

စစ်အာဏာရှင်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကော်မတီ (AJMM)

လူမျိုးပေါင်းစုံ အထွေထွေသပိတ်ကော်မတီ (GSCN)